# ကျားမဖြစ်တည်မှုဆိုင်ရာ ရှုထောင့်တစ်ရပ်ကို တရားသူကြီးများ ကျင့်သုံးရန်အတွက် ဘန်ကောက်အထွေထွေလမ်းညွှန်ချက်ကို တိုးမြှင့်ဖော်ဆောင်မှု

International Commission of Jurists

## ကျားမ ဖြစ်တည်မှုဆိုင်ရာ ရှုထောင့်တစ်ရပ်ကို တရားသူကြီးများကျင့်သုံးရန်အတွက် ဘန်ကောက်အထွေထွေလမ်းညွှန်ချက်ကို တိုးမြှင့်ဖော်ဆောင်မှု

*ကျားမဖြစ်တည်မှုဆိုင်ရာ ရှုထောင့်တစ်ရပ်ကို တရားသူကြီးများကျင့်သုံးရန်အတွက် ဘန်ကောက် အထွေထွေ လမ်းညွှန်ချက်ကို တိုးမြှင့်ဖော်ဆောင်မှု*ကို ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၄ မှ ၂၅ ရက်အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲ၌ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အရှေ့တီမောနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ တရားသူကြီးများမှ ဆွေးနွေးခဲ့ပြီး ချမှတ်ခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲကို အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင် (ICJ) နှင့် ကုလသမဂ္ဂဆိုင်ရာအမျိုးသမီးအဖွဲ့တို့မှ စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲအတွင်း၌ တရားသူကြီးအနေဖြင့် မိမိတို့ရှေ့မှောက်ရောက်ရှိလာသည့် အမှုများကိုဆုံးဖြတ်ချက်ချမှတ်ရာတွင် ကျားမဖြစ်တည်မှုရှုထောင့်တစ်ရပ်အား အသုံးချခြင်းဖြင့် အကောင်းဆုံးမည်သို့ကူညီပေးနိုင်မည်ကို အရှေ့တောင်အာရှနိုင်ငံပေါင်း လေးနိုင်ငံမှကိုယ်စားပြုတရားသူကြီးများက ကျယ်ကျယ်ပြန့်ပြန့် လေးလေးနက်နက် သုံးသပ်ဆွေးနွေးခဲ့ကြပါသည်။ ၎င်းတို့သည် နှစ်ရက်တာပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲကာလ၏ အခန်းကဏ္ဍများစွာသို့ တက်ရောက်ခဲ့ကြပြီး၊ ကျားမဖြစ်တည်မှု ပုံသေကားကျပုံစံ(gender stereotypes) ကို ဖော်ထုတ်ခြင်းနှင့် ဖြေရှင်းရေးတို့ကို ဦးစားပေးသည့် လေ့ကျင့်ခန်းများတွင် ပါဝင်ခဲ့ကြသည်။

အထွေထွေလမ်းညွှန်ချက် တိုးမြှင့်ဖော်ဆောင်ရေးကို အစပြုရန်စိတ်ကူးသည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တော်၌ ၂၀၁၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ကျားမဖြစ်တည်မှု ရှုထောင့်တစ်ရပ်ဖြင့် တရားစီရင်ဆုံးဖြတ်ခြင်းအပေါ် အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ၎င်းဆွေးနွေးပွဲတွင် ဖိလစ်ပိုင်နိုင်ငံ၏ တရားလွှတ်တော်ချုပ်မှ ကိုယ်စားပြုတက်ရောက်သည့် တရားသူကြီး Teresita de Castro မှ အထွေထွေလမ်းညွှန်ချက် တိုးမြှင့်ဖော်ဆောင်ရေးကို မိမိက ဦးစီးဦးဆောင်ပြုရန် ကမ်းလှမ်းခဲ့ပါသည်။

ဤ အထွေထွေလမ်းညွှန်ချက်သည် တရားသူကြီးများအတွက် ကျားမဖြစ်တည်မှုပုံသေကားကျပုံစံကို အသုံးမပြုဘဲ အထောက်အထားကို စဉ်းစားသုံးသပ်နိုင်ရန်သော်လည်းကောင်း၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှု ပပျောက်ရေးသဘောတူစာချုပ် (CEDAW) အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံညွှန်းများအရ အသိအမှတ်ပြုထားသည့် တန်းတူညီမျှမှု အခြေခံမူများအပေါ် အခြေပြုလျက် အမှုများကို ဆုံးဖြတ်ချက်ချမှတ်နိုင်စေရန်သော်လည်းကောင်း နည်းလမ်းများကို သိရှိစေပါလိမ့်မည်။

တရားရုံးများမှ ၎င်းတို့အားကူညီပေးရန် ချမှတ်သင့်သည့် အဖွဲ့အစည်းပိုင်းဆိုင်ရာမူဝါဒများအတွက် ထောက်ခံအကြံပြုချက်များသည် ကျားမဖြစ်တည်မှုကို ပို၍ဂရုပြုလာစေပြီး၊ ကျားမဖြစ်တည်မှု ဆိုင်ရာတုံ့ပြန်နိုင်စွမ်းကို ပိုမိုကောင်းမွန်လာစေရန် အထွေထွေလမ်းညွှန်ချက်တွင်လည်း ဖော်ပြထားပါသည်။

ဤအထွေထွေလမ်းညွှန်ချက်သည် အမျိုးသမီးများအားခွဲခြားဆက်ဆံမှုပြုထားသည့် ဓလေ့ထုံးတမ်းနှင့်ရိုးရာ အစဉ်အလာများကို မှီငြမ်းခြင်းမပြုသင့်ကြောင်း အကျိုးအကြောင်းသင့်မြတ်စွာ ထပ်လောင်းအတည်ပြုထားသဖြင့် အထူးတလည် အရေးပါလှပါသည်။

## ကျားမ ဖြစ်တည်မှုဆိုင်ရာ ရှုထောင့်တစ်ရပ်ကို အရှေ့တောင်အာရှရှိ တရားသူကြီးများ ကျင့်သုံးရန်အတွက် ဘန်ကောက် အထွေထွေလမ်းညွှန်ချက်

၂၀၁၆ ခုနှစ်၊ ဇွန်လ၊ ဘန်ကောက်မြို့

### စကားချီး

လူတိုင်းသည် တူညီလွတ်လပ်သောဂုဏ်သိက္ခာနှင့် တူညီလွတ်လပ်သောအခွင့်အရေးတို့ဖြင့် မွေးဖွားလာသူများ ဖြစ်သည်ဟု ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းမှ အသိအမှတ်ပြုသည်ကို ထောက်၍သော်လည်းကောင်း၊

အမျိုးသမီးများအားလုံးသည် တန်းတူညီမျှမှုရရှိခွင့်၊ ဥပဒေအရ တန်းတူညီစွာအကာအကွယ်ရရှိခွင့်နှင့် ခွဲခြားဆက်ဆံမှု ပုံစံအားလုံးမှ လွတ်လပ်ခွင့်တို့အပါအဝင် လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်မှုများအားလုံးတို့အား တန်းတူညီစွာ ခံစားစံစားနိုင်ခွင့်၊ အကာအကွယ်ရရှိပိုင်ခွင့်တို့ရှိကြောင်း အမျိုးသမီးများအားနည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ ကြေညာစာတမ်းမှ အသိအမှတ်ပြုသည်ကိုထောက်၍သော်လည်းကောင်း၊

လူပုဂ္ဂိုလ်အားလုံးသည် ဥပဒေရှေ့မှောက်၌ တန်းတူညီဖြစ်ပြီး ဥပဒေ၏အကာအကွယ်ကို ခွဲခြားဆက်ဆံမှုတစ်စုံတစ်ရာမျှမရှိဘဲလျက် ရရှိပိုင်ခွင့်ရှိကြောင်း၊ ဥပဒေသည် ခွဲခြားဆက်ဆံမှုကို တားမြစ်ရမည်ဖြစ်ပြီး လူပုဂ္ဂိုလ်အားလုံးအား လိင် သို့မဟုတ် ကျားမဖြစ်တည်မှုအပါအဝင် အကြောင်းရင်းတစ်ခုခုအပေါ် မူတည်၍ ခွဲခြားဆက်ဆံမှုပြုခြင်းမှ တန်းတူညီ အကာအကွယ်ပေးခြင်းကို ထိထိရောက်ရောက် အာမခံပေးရမည်ဖြစ်ကြောင်း ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်(ICCPR)မှ အတည်ပြုသည်ကို ထောက်၍သော်လည်းကောင်း၊

စွမ်းဆောင်ရည်ရှိသော ပြည်တွင်းခုံရုံးနှင့် အခြားအများပြည်သူဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု တစ်စုံတစ်ရာမရှိစေရန် အဖွဲ့ဝင်နိုင်ငံများအားလုံးမှ ထိရောက်သေချာစွာ ကာကွယ်မှုပေးရမည်ဖြစ်ကြောင်း အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးသဘောတူစာချုပ်(CEDAW)မှ ချမှတ်သည်ကိုထောက်၍သော်လည်းကောင်း၊

အမျိုးသမီးများအား စွမ်းဆောင်ရည်ဖြည့်ဆည်းပေးမှုသည် လွတ်လပ်မျှတသော လူ့အသိုင်းအဝိုင်းတစ်ရပ်၏ ကြီးထွားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးပေးသည်ကို ထောက်၍သော်လည်းကောင်း၊

အရှေ့တောင်အာရှတစ်ဝှမ်းရှိ အမျိုးသမီးများသည် မိမိတို့နိုင်ငံ၏ တရားစီရင်မှုစနစ်များအတွင်းအပါအဝင် ၎င်းတို့၏ လိင်နှင့် ကျားမရေးရာ ဖြစ်တည်မှုအပေါ်အခြေခံသည့် ခွဲခြားဆက်ဆံမှုနှင့် ပုံသေကားကျ ပုံစံသွင်းထားခြင်းတို့ကြောင့် ကျားမဖြစ်တည်မှုသာတူညီမျှရေးကိုရရှိစေရန် အမျိုးမျိုးသောအဟန့်အတားများနှင့် ရင်ဆိုင်နေရသည်ကို ထောက်၍သော်လည်းကောင်း၊

လူတိုင်းသည် ဥပဒေရှေ့မှောက်၌ တန်းတူညီဆက်ဆံရေးရရှိပိုင်ခွင့်နှင့် တန်းတူညီတရားမျှတမှုကိုလက်လှမ်းမီပိုင်ခွင့်ရှိရမည်ကို ထောက်၍သော်လည်းကောင်း၊

တရားသူကြီးများရွေးချယ်ရာတွင် လူမျိုးရေး၊ အသားရောင်၊ ကျားမဖြစ်တည်မှု၊ ဘာသာရေး၊ နိုင်ငံရေး သို့မဟုတ် အခြားအယူအဆ၊ နိုင်ငံသား သို့မဟုတ် လူမှုရေးရာဇစ်မြစ်၊ အိမ်ထောင်ရေးအခြေအနေ၊ လိင်စိတ်တိမ်းညွှတ်မှု၊ ပိုင်ဆိုင်မှု၊ မွေးဖွားမှု သို့မဟုတ် အဆင့်အတန်းအပေါ် မူတည်၍ ခွဲခြားဆက်ဆံမှုမပြုစေရန် LAWASIA ရှိ ဒေသဆိုင်ရာ လွတ်လပ်သော တရားစီရင်ရေးဆိုင်ရာဘေဂျင်းအခြေခံမူများ ထုတ်ပြန်ချက်မှ အတည်ပြုသည်ကို ထောက်၍ သော်လည်းကောင်း၊

ကျား၊မဖြစ်တည်မှုသာတူညီမျှရေးနှင့် ခွဲခြားဆက်ဆံမှုမှလွတ်လပ်မှုအခြေပြုသည့် တရားစီရင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုကို အားကောင်းလာစေရန် ကြိုးပမ်းအားထုတ်မှုတစ်ရပ်အနေဖြင့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်မှ ၆ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တော်၌ ကျား၊မဖြစ်တည်မှုရှုထောင့်ဖြင့် တရားစီရင်ရေးဆိုင်ရာ ဒေသဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပခဲ့သည်ကို ထောက်၍သော်လည်းကောင်း၊

အဆိုပါ တရားစီရင်ရေးရာဆွေးနွေးပွဲ၌ တက်ရောက်ပါဝင်သူများက အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုကို တိုက်ဖျက်ရန်နှင့် အမျိုးသမီးများအားလုံး တရားမျှတမှု တန်းတူညီစွာရရှိရေးကို သေချာစေရန်အလို့ငှာ ကျား၊မဖြစ်တည်မှု ရှုထောင့်ဖြင့် မည်သို့တရားစီရင်ရမည်ဟူသည့် အထွေထွေအခြေခံမှုများကို ဖော်ဆောင်ရန် အရေးတကြီးလိုအပ်နေမှုကို ဖော်ထုတ်ပေးခဲ့သည်ကို ထောက်၍သော်လည်းကောင်း၊

နိုင်ငံများသည် အမျိုးသမီးများ တရားမျှတမှု လက်လှမ်းမီနိုင်ရေးကို သေချာစေရန်နှင့် အမျိုးသမီးများအား ဥပဒေရေးရာ စနစ်အတွင်း ခွဲခြားဆက်ဆံမှုမှ လွတ်လပ်စေရန်အာမခံချက်ပေးရမည်ဟူသည့် လိုက်နာရမည့်တာဝန် ဝတ္တရားရှိသည်ကို အသိအမှတ်ပြုထားသည့် CEDAW ကော်မတီ၏ အထွေထွေအကြံပြုချက် အမှတ် ၃၃ အား ပြန်လည်ဆင့်ခေါ်ခြင်းဖြင့် သော်လည်းကောင်း၊

ကျား၊မဖြစ်တည်မှု အထူးဂရုပြုသည့် တရားစီရင်ရေးစနစ်သည် လူသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ၊ ခွဲခြားဆက်ဆံမှုမရှိဘဲ သိနားလည်စေရန်နှင့် အောက်ခြေ၌ ကျား၊မဖြစ်တည်မှု တန်းတူညီမျှရေးရရှိစေရန်တို့အတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း တရားသူကြီးများနှင့် ရှေ့နေများ၏လွတ်လပ်မှုဆိုင်ရာ အထူးကိုယ်စားလှယ်တော်ကြီး၏ ပြောဆိုချက်ကို ပြန်လည်ဆင့်ခေါ်ခြင်းဖြင့်သော်လည်းကောင်း၊

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သော အမျိုးသမီးများ တရားမျှတမှုလက်လှမ်းမီနိုင်ရေးကို မြှင့်တင်ပေးရာ၌ ကျား၊မဖြစ်တည်မှု တန်းတူညီမျှရေး၊ ဥပဒေသိပ္ပံပညာနှင့် တရားစီရင်ရေး၏ အခန်းကဏ္ဍတို့ဆိုင်ရာ အရှေ့တောင်အာရှဒေသဆိုင်ရာ တရားစီရင်ရေးညီလာခံ၌ အမျိုးသမီးများ၏ အခွင့်အရေးနှင့်လွတ်လပ်မှုများကို ချိုးဖောက်မှုများအတွက် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းဆိုင်ရာ စည်းမျဉ်းများ၊ ဘာသာရေးနှင့် ရိုးရာအစဉ်လာ အလေ့အကျင့်များအား ကျိုးကြောင်းပြချက်အဖြစ် မမှီငြမ်းသင့်ကြောင်း တက်ရောက်ပါဝင်သူ တရားသူကြီးများက ထပ်လောင်းအတည်ပြုသည်ကို ပြန်လည်ဆင့်ခေါ်ခြင်းဖြင့်သော်လည်းကောင်း၊

အမျိုးသမီးများသည် တရားစီရင်ရေးစနစ်၏ ထိခိုက်ခံရသူများ သို့မဟုတ် အမှုသည်များဖြစ်သကဲ့သို့ တရားမျှတစွာ စီရင်နိုင်ရေး၌ တရားသူကြီးများ၊ ရှေ့နေများ၊ ဥပဒေ အကောင်အထည်ဖော်ဆောင်သူများ၊ တရားစွဲဆိုသူများ၊ ကြားဝင်ဖြန်ဖြေသူများ၊ အမှားပြင်ဆင်ပေးပိုင်သော အာဏာပိုင်များ၊ ဥပဒေရေးရာပညာရှင်များနှင့် အခြားသော ပါဝင် ပတ်သက်သူများနည်းတူ အဓိကကျသော ပါဝင်ဆောင်ရွက်သူ(actor)များ ဖြစ်သည်ကို အသိအမှတ်ပြုခြင်းဖြင့်သော်လည်းကောင်း၊

ကျား၊မ ဖြစ်တည်မှုတန်းတူညီမျှမှုမရှိခြင်းနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုတို့အား ပပျောက်စေခြင်း၊ အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းတို့သည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ဖျက်သိမ်းရေး၌ ပဓာနကျသော ခြေလှမ်းများဖြစ်သည်ကို အသိအမှတ်ပြုခြင်းဖြင့်သော်လည်းကောင်း၊

၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၄ မှ ၂၅ အထိ၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပပြုလုပ်ခဲ့သော ၂၀၁၆ ကျား၊မဖြစ်တည်မှု ရှုထောင့်ဖြင့် တရားစီရင်ခြင်းဆိုင်ရာ တရားစီရင်ရေး အလုပ်ရုံဆွေးနွေးပွဲ၌ တက်ရောက်ပါဝင်ခဲ့ကြသည့် အရှေ့တောင်အာရှမှ တရားသူကြီးများဖြစ်သော ကျွန်ုပ်တို့သည် ဤ ကျား၊ မ ဖြစ်တည်မှုဆိုင်ရာ ရှုထောင့်တစ်ရပ်ကို အရှေ့တောင်အာရှရှိ တရားသူကြီးများကျင့်သုံးရန်အတွက် ဘန်ကောက်အထွေထွေလမ်းညွှန်ချက်ကို ချမှတ်ခဲ့ပါသည်။

## အထွေထွေသုံးသပ်ချက်များ

၁။ ဤလက်ရှိလမ်းညွှန်ချက်သည် အောက်ပါတို့ကိုဆောင်ရွက်ရန် ရည်ရွယ်သည်။

(က) ကျား၊မ ဖြစ်တည်မှု တန်းတူညီမျှရေးနှင့် ခွဲခြားဆက်ဆံမှုကင်းမဲ့ရေးဆိုင်ရာ အခြေခံမူများအား နားလည်သဘောပေါက်ခြင်းနှင့် ကျင့်သုံးခြင်းတို့၌ တရားသူကြီးများအတွက် အကူအညီပေးရန်၊

(ခ) တူညီသောဆက်ဆံမှုနှင့်/သို့မဟုတ် ကွဲပြားသော ဆက်ဆံမှုသည် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုကို ဖြစ်စေနိုင်သည်ဟူသည့် အခြေအနေများကို ဖော်ထုတ်ရာ၌ တရားရုံးအရာရှိများ၊ ရဲအရာရှိများ၊ တရားစွဲဆိုသူများ၊ပံ့ပိုးကူညီသူများ၊ရှေ့နေများ၊လူမှုရေးရာလုပ်သားများ၊ဆေးဘက်ဆိုင်ရာလုပ်ကိုင်ဆောင်ရွက်သူများနှင့် အရပ်ဖက်အဖွဲ့အစည်းကိုယ်စားပြုများကဲ့သို့သော တရားစီရင်ရေးကဏ္ဍတွင် ကျွမ်းကျင်သော ပညာရှင်များကို ကူညီပံ့ပိုးရန်၊

(ဂ) အမျိုးသမီးများမှ တရားမျှတမှုနှင့် ကျား၊ မ ဖြစ်တည်မှုဂရုပြုသည့် တရားရုံးမှ အမှုဆောင်ရွက်မှုများ၊ ကြားဝင်ဖြန်ဖြေရေးလုပ်ငန်းစဉ်များ၊ စီရင်ဆုံးဖြတ်ချက်နှင့် စီရင်ချက်များ အကျိုးသက်ရောက်စေမှုတို့ကို တန်းတူညီစွာရရှိခွင့်ကို အာမခံပေးသည့် တရားစီရင်ရေး စနစ်တစ်ရပ် အကောင်အထည်ဖော်ဆောင်ရေးကို ပါဝင်ကူညီပေးရန်၊

၂။ ဤလမ်းညွှန်ချက်အား တရားသူကြီးများနှင့် ရှေ့နေများ၏ အမှီအခိုကင်းရေး၊ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာကော်မတီ (CEDAW ကော်မတီ) ဆိုင်ရာ အထူးကိုယ်စားလှယ်တော်ကြီးမှ ထုတ်ပြန်သည့် ထောက်ခံအကြံပြုချက်များကို သော်လည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဖွန်လ ၂၄ မှ ၂၅ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပပြုလုပ်သော ကျားမဖြစ်တည်မှုဖြင့် တရားစီရင်ခြင်းဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲကာလအတွက် ပါဝင်တက်ရောက်ခဲ့သူများမှ မျှဝေသည့် နှိုင်းယှဉ်နိုင်သော အမျိုးသားဥပဒေနှင့် စံချိန်စံညွှန်းများ၊ အလေ့အကျင့်ကောင်းများ၊ အတွေ့အကြုံများစသည်တို့ကိုသော်လည်းကောင်း ထည့်သွင်းစဉ်းစားလျက်၊ အချို့သောဘာသာစကားများတွင် CEDAW နှင့် အခြားဆီလျော်သော နိုင်ငံတကာသဘောတူစာချုပ်များ၌ အသိအမှတ်ပြုထားသည့် နိုင်ငံတကာဥပဒေနှင့် စံချိန်စံညွှန်းများ၏ဘာသာစကားကို တိုက်ရိုက်ခြေရာခံလျက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြရှင်းလင်းထားပါသည်။

၃။ ဤလမ်းညွှန်ချက်တွင် အမျိုးသမီးများ၏ ဘဝကဏ္ဍအသီးသီးရှိ၊ အထူးသဖြင့် တရားစီရင်ရေးစနစ် လက်လှမ်းမီရရှိရန် ချဉ်းကပ်ရာတွင် ၎င်းတို့အပေါ် အကျိုးသက်ရောက်မှုရှိစေသည့် လိင် သို့မဟုတ် ကျား၊ မ ဖြစ်တည်မှုအပေါ် အခြေပြုလျက် အမျိုးသမီးများအပေါ် လက်ရှိတရားလက်လွှတ်ဆက်ဆံမှုနှင့် ခွဲခြားဆက်ဆံမှုတို့ကို ပပျောက်ရန် အရှေ့တောင်အာရှ၏ ကြိုးပမ်းအားထုတ်မှုများစွာမှ တစ်ခုဖြင့် ဖွဲ့စည်းထားပါသည်။

၄။ ဤလမ်းညွှန်ချက်သည် တရားစီရင်ရေးအဖွဲ့ဝင်များ၊ ၎င်းတို့၏ ကျွမ်းကျင်မှုအဆင့်၊ နယ်ပယ်နှင့် တရားစီရင်ရေး လေ့ကျင့်သင်တန်းကျောင်း အင်စတီကျူးရှင်းများ မည်သို့ပင်ဖြစ်နေစေကာမူ ၎င်းတို့အတွက်ဦးတည်ပါသည်။ ဤလမ်းညွှန်ချက်၏ သက်ဆိုင်မှုကို မိသားစုဥပဒေ သို့မဟုတ် ရာဇဝတ်ဥပဒေတို့နှင့်စပ်လျဉ်းသည့် အမှုများဖြင့် ကန့်သတ်မထားသင့်ပါ။ သို့သော် ၎င်းအား ဥပဒေနယ်ပယ်အားလုံး၌ ကျင့်သုံးသင့်ပါသည်။

၅။ တရားစီရင်ရေးအဖွဲ့ဝင်များသည် ကျားမဖြစ်တည်မှု အခြေပြုခွဲခြားဆက်ဆံခြင်းကို တိုက်ဖျက်ရာတွင် အဓိကကျသော အခန်းကဏ္ဍမှပါဝင်သည်။ တရားသူကြီးများသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များအားဖြင့် ကျားမဖြစ်တည်မှု ပုံသေကားကျပုံစံများကို အကျိုးသက်ရောက်မှုရှိစေသည့် အလေ့အကျင့်များနှင့် ဓလေ့ထုံးတမ်းများကို ပြုပြင်မွမ်းမံပေး

နိုင်သည်။ တိုက်ရိုက်၊ သွယ်ဝိုက်ခွဲခြားဆက်ဆံမှုကို ကာကွယ်ရန် အနက်ဖွင့်ဆိုချက်စံနှုန်းများကို ချမှတ်ပေးနိုင်သည်။ တရားမျှတစွာစီရင်နိုင်ရေး၏ စနစ်အတွင်း၌ အမျိုးသမီးများ၏ ဂုဏ်သိက္ခာနှင့် သာတူညီမျှမှုအား လေးစားလိုက်နာခြင်းကို ဖော်ပြထိန်းသိမ်းပေးသည့် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပေးနိုင်သည်။ သာတူညီမျှရေးနှင့် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုကင်းမဲ့ရေးဆိုင်ရာ နိုင်ငံတကာအခြေခံမူများနှင့် လိုက်လျောညီထွေမှုရှိစေမည့် ဥပဒေများကျင့်သုံးရေးအတွက် စည်းမျဉ်းများချမှတ်ပေးနိုင်သည်။ ဥပဒေရေးဆွဲ သူများအနေဖြင့် အမျိုးသမီးများ အပေါ် ထားရှိသည့်တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုကင်းမဲ့ရေးတို့အား ချိုးဖောက်သည့်ဥပဒေများ ပြဋ္ဌာန်းမှုမပြုရန် လွှမ်းမိုးမှုပြုနိုင်သည်။

## အခြေခံယူဆချက်များ

၆။ ဤလမ်းညွှန်ချက်၏ရည်ရွယ်ချက်အတွက် ဖော်ပြပါအသုံးအနှုန်းများကို အောက်ပါအတိုင်းအနက်ဖွင့်ဆိုသည်။

(က) "လိင်"ဟူသည် လူပုဂ္ဂိုလ်တစ်ဦး၏ ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝကမ္မဗေဒဆိုင်ရာ၊ ဇီဝဗေဒဆိုင်ရာအခြေအနေကို ရည်ညွှန်းပြီး၊ ယေဘုယျအားဖြင့် ယောကျ်ား၊ မိန်းမ သို့မဟုတ် ကျား၊ မဟုတ်၍ ခွဲခြားမရသော (intersex) ကဲ့သို့ သွင်ပြင်လက္ခဏာရှိသည်။ "ကျားမ ဖြစ်တည်မှု" (gender ဂျန်ဒါ) ဟူသည် လူပုဂ္ဂိုလ်တစ်ဦး၏ ဇီဝဗေဒဆိုင်ရာလိင်နှင့် နီးနွယ်နေသည့် လူမှုရေး သို့မဟုတ် ယဉ်ကျေးမှု ဆိုင်ရာကွဲပြားခြားနားမှုများကို ရည်ညွှန်းသည်။ ဤအမျိုးအစားခွဲခြားသတ်မှတ်မှုသည် အမျိုးသမီးများနှင့်ပတ်သက်သည့် မျှော်မှန်းချက်များ၊ တာဝန်ဝတ္တရားများနှင့် အခွင့်အလမ်းများကို ပုံသွင်းပေးပြီး၊ လုပ်နိုင်စွမ်းဝါစဉ်နှင့် ခွဲခြားဆက်ဆံမှုတို့ကို ဖြစ်လာနိုင်ဖွယ်ရှိစေပါသည်။

(ခ) နည်းလမ်းတကျဖြစ်သော (formal) သို့မဟုတ် တရားဝင်ဖြစ်သော (de jure) တန်းတူညီမျှမှုဟူသည်တွင် အမျိုးသားများနှင့် အမျိုးသမီးများကို တူညီစွာဆက်ဆံပြီး၊ တန်းတူညီစွာတည်ရှိသည့်နေရာ၌ တန်းတူညီသော အခွင့်အလမ်းများကို အာမခံပေးရမည်ဟု သတ်မှတ်ထားသည်။ အခွင့်အလမ်း တန်းတူညီမျှရရှိခြင်းဟူသည်တွင် ကနဦး၌ လူတိုင်းသည် တူညီသောအခွင့်အလမ်းများရရှိသင့်သည်။ ထိုသို့မှသာလျှင် ၎င်းတို့သည် မိမိတို့၏ စွမ်းဆောင်နိုင်စွမ်းများကို သိရှိလာပြီး စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုတို့ဆိုင်ရာ နယ်ပယ်များအားလုံးတွင် တူညီစွာပါဝင်နိုင်မည်ဖြစ်သည်။

(ဂ) ခြေခြေမြစ်မြစ်ဖြစ်သော သို့မဟုတ် ဖြစ်ရပ်မှန်ဖြစ်သော (de facto) တန်းတူညီမျှမှုတွင် အမျိုးသမီးများ၏ "ရလဒ်များတန်းတူညီမျှရေး"ကို အာမခံပေးခြင်းပါဝင်သည်။ ဆိုလိုသည်မှာ တန်းတူညီမျှမှုဆီသို့ ရှေ့တိုးလာခြင်းသည် ကျားမဖြစ်တည်မှုဆိုင်ရာ ဆက်နွယ်မှုများ၌ ခိုင်မာသောရလဒ်များ သို့မဟုတ် ရေရှည်တည်တံ့သော ပြောင်းလဲမှုများကို ရရှိစေရပါမည်။

(ဃ) ခွဲခြားဆက်ဆံမှုဟူသည် တိကျသောအနေအထားများဖြစ်သည့် လူမျိုးရေး၊ အသားရောင်၊ ဘာသာစကား၊ ဘာသာရေး၊ ယုံကြည်မှု၊ လူတန်းစား၊ အလုပ်ခန့်အပ်မှု၊ နိုင်ငံရေးအယူအဆ၊ နိုင်ငံသားဖြစ်ခြင်း၊ လူမှုရေးဇစ်မြစ်၊ မသန်စွမ်းမှု၊ အသက်၊ တည်နေရာ၊ ဒေသ၊ ဌာနေတိုင်းရင်းသားနှင့် လူနည်းစုအခြေအနေ၊ လိင်၊ ကျားမ ဖြစ်တည်မှု၊ လိင်စိတ်တိမ်းညွှတ်မှု၊ လိင်ဝိသေသသတ်မှတ်မှု၊ သို့မဟုတ် အခြားအခြေအနေတို့အပေါ် အခြေပြုသည့် ဆက်ဆံမှုသည် ခွဲခြားမှုတစ်ရပ်ပြုခြင်းဖြစ်ပြီး၊ အခွင့်အရေးခံစားစံစားမှု သို့မဟုတ် ကျင့်သုံးမှုကို ပယ်ဖျက်ခြင်း သို့မဟုတ် ထိခိုက်ခြင်း အကျိုးဆက်ရှိစေပါသည်။

**ခွဲခြားဆက်ဆံမှုသည် -**

(၁) အက်ဥပဒေ သို့မဟုတ် ဥပဒေမှ ခွဲခြားမှုပြုထားသည့်ဆက်ဆံမှုသည် လူအုပ်စုတစ်ခု၏ အခွင့်အရေး ခံစားစံစားမှုကို ဆိုးရွားစွာဖြင့် တိုက်ရိုက်ထိခိုက်ခွင့် ဖြစ်စေပါသည်။

(၂) အက်ဥပဒေ သို့မဟုတ် ဥပဒေသည် ကြားနေဖြစ်သည့်အခါ သွယ်ဝိုက်အဖြစ်တည်သည်။ သို့သော် ၎င်း၏အကျိုးအဆက်များသည်အထူးသဖြင့်လူအုပ်စုတစ်ခုသို့မဟုတ်ထိုထက်များသောအုပ်စုများ၏ အခွင့်အရေးခံစားစံစားမှုအပေါ် ဆိုးဆိုးရွားရွား ထိခိုက်စေသည်။

လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် လူအုပ်စုတစ်ခုသည် အကြောင်းအရင်း တစ်ခုထက်မကအပေါ် မူတည်ပြီး ခွဲခြားဆက်ဆံမှုကို ခံရနိုင်ဖွယ်ရှိသည်။ ခွဲခြားဆက်ဆံမှုသည် ယေဘုယျအားဖြင့် သီးခြားဖြစ်နေသော ကိစ္စရပ်မျိုး မဟုတ်ဘဲ၊ ခွဲခြားမှုပြုသည့်ယူဆချက်များ၊ စံများနှင့် ကျင့်သုံးမှုများ၏ အခြေအနေ၌ မကြာခဏ ခွဲခြားဆက်ဆံမှုကိစ္စများကို ကွဲပြားသောပုံစံဖြင့် တွေ့ရပါသည်။

( င) ကွဲပြားခြားနားချက်သည် ပြုမူဆက်ဆံရာ၌ ဓမ္မဓိဋ္ဌာန်ကျသော၊ ကြောင်းကျိုးသင့်သည့် မတူညီမှုတစ်ရပ် ဖြစ်နိုင်ဖွယ်ရှိပြီး၊ ၎င်းသည် တရားဝင်ဖြစ်သော ရည်ရွယ်ချက်ကို ပံ့ပိုးကူညီနိုင်ဖွယ်ရှိကာ အခွင့်အရေး ခံစားစံစားမှုကို ဆိုးရွားစွာထိခိုက်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း မဖြစ်စေပါ။

(စ) ပုံသေကားကျပုံစံသတ်မှတ်ခြင်းဟူသည် သီးခြားအုပ်စုတစ်ခု၏အဖွဲ့ဝင်များမှ ဆောင်ရွက်သည့် အခန်းကဏ္ဍ သို့မဟုတ် ပိုင်ဆိုင်သည့် အရည်အသွေးများအား ယေဘုယျဆန်သောအမြင် သို့မဟုတ် တင်ကြိုမှန်းဆမှုထားရှိခြင်းဖြစ်သည်။ ပုံသေကားကျ ပုံစံသတ်မှတ်ခြင်းသည် လူပုဂ္ဂိုလ်တစ်ဦး၏ အခြေအနေရပ်များ၊ စွမ်းဆောင်နိုင်စွမ်းများ၊ လိုအပ်ချက်များနှင့် တောင်းဆိုမှုများကို လျစ်လျူရှုပါသည်။

(ဆ) ကျားမဖြစ်တည်မှုဆိုင်ရာ ပုံသေကားကျပုံစံများ (gender stereotypes)သည် အမျိုးသားနှင့်အမျိုးသမီး များ၏ သွင်ပြင်လက္ခဏာများ နှင့်စပ်လျဉ်းပြီး ယေဘုယျသတ်မှတ်ချက်များ၏ တိကျသော ထပ်ဆင့်ခွဲအကန့် တစ်ခုဖြစ်သည်။ ၎င်းတို့ကို အမျိုးသား သို့မဟုတ် အမျိုးသမီးများအား မည်သည်နှင့်တူသည်ဟူသည့် အမြင် သို့မဟုတ် အယူအဆတစ်ခုအပေါ် မူတည်လျက် သရုပ်ဖော်နိုင်သည်။ ဤကျားမဖြစ်တည်မှုဆိုင်ရာ ပုံသေကားကျပုံစံများသည် အမျိုးသားနှင့်အမျိုးသမီးများက အခြေအနေရပ်များစွာ၌ မည်သို့ပြုမူသင့်သည်၊ မည်သို့ ပြုမူလိမ့်မည်ဟူသည့် သက်ဆိုင်ရာယေဘုယျယူဆချက်များအတွက် အခြေခံအချက်ကိုမကြာခဏ ပံ့ပိုးပေး ပါသည်။

၇။ တန်းတူညီမျှမှု၊ ဥပဒေ၏ တူညီသောကာကွယ်မှုနှင့် ခွဲခြားဆက်ဆံမှုမရှိခြင်းတို့သည် ပြည်တွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေဆိုင်ရာ အခြေခံမူများဖြစ်သည်။ ဤအခြေခံမူများသည် ကျားမနစ်ခုအနက် တစ်ခုခုသည် သိမ်ငယ်နေခြင်း သို့မဟုတ် ပို၍သာလွန်နေခြင်းအပေါ် တွင်လည်းကောင်း၊ ကျားမဖြစ်တည်မှုဆိုင်ရာ ပုံသေကားကျ ပုံစံများ၌ အမြစ်တွယ်နေသည့် စည်းမျဉ်းများအပေါ် တွင်လည်းကောင်း အခြေပြုလျက် ဆိုးကျိုးဖြစ်စေသော ဆက်ဆံမှုကို တားမြစ်ပါသည်။ တန်းတူညီမျှရေးဆိုင်ရာ အာမခံချက်များသည် တရားနည်းလမ်းတကျဖြစ်ပြီး ခြေခြေမြစ်မြစ်ရှိသော တန်းတူညီမျှမှုကို သေချာစေသည်။

၈။ ကျားမဖြစ်တည်မှုဆိုင်ရာ ရှုထောင့်ကိုအသုံးချခြင်းဖြင့် တရားသူကြီးများကို -

(က) အမျိုးသမီးများနှင့်စပ်ဆိုင်သည့် မျှော်မှန်းချက်များ၊ တာဝန်ဝတ္တရားများနှင့် အခွင့်အလမ်းများကို ပုံသွင်းပေး သည့် ကျားမဖြစ်တည်မှုစံနှုန်းများကို သတိပြုလာစေရန် ကူညီပေးသည်။

(ခ) ဥပဒေ၊ ဥပဒေစနစ်များနှင့်ကျင့်သုံးမှုတို့ဖြင့် လိင် သို့မဟုတ် ကျားမဖြစ်တည်မှုအပေါ် အခြေပြုသည့် ကွဲပြားခြားနားသော ဆက်ဆံမှုဆိုင်ရာ အရင်းမြစ်များအား ဖော်ထုတ်ပေးရန်ကူညီပေးသည်။

(ဂ) ကွဲပြားခြားနားသော ဆက်ဆံမှုသည် တူညီသောကာကွယ်မှုကို ထိန်းသိမ်းပေးပြီး အခွင့်အလမ်းနှင့် ရလဒ်တို့ တန်းတူညီမျှကို တိုးမြှင့်ပေးသည်၊ သို့တည်းမဟုတ်က ၎င်းသည် ခွဲခြားဆက်ဆံမှုဖြစ်သည် ဟူသည်ကို အဆုံးအဖြတ်ပေးရန် ကူညီပေးသည်။

(ဃ) အခွင့်အရေးချိုးဖောက်မှု၊ ညီမျှမှုမရှိသော အခွင့်အာဏာဆက်နွယ်မှုများ၊ အခွင့်အရေးနှင့် အခွင့်အလမ်းများ ကွဲပြားခြားနားမှုများ စသည်တို့ကဲ့သို့သော လိင်နှင့်/သို့မဟုတ် ကျားမဖြစ်တည်မှုအပေါ် အခြေပြုသည့် အတန်းအစားသတ်မှတ်မှုဆိုင်ရာ အကျိုးအဆက်များအား အခြားအရာများအကြား မြင်သာထင်သာအောင် ဖော်ထုတ်ပေးရန် ကူညီပေးသည်။

(င) အားသစ်လောင်းပေးသော တရားမျှတမှုဆိုင်ရာအခြေခံမှုများနှင့် လုပ်ထုံးလုပ်နည်းများပါဝင်သည့် ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေရှိ ဥပဒေဆိုင်ရာအခြေခံမှုများနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ထုတ်ပေးရန်ကူညီပေးသည်။ ၎င်းတွင် ကျားမဖြစ်တည်မှု တန်းတူညီမျှရေး၊ တူညီသောအကာအကွယ်နှင့် ခွဲခြားဆက်ဆံမှုကင်းမဲ့ခြင်းတို့ကိုသေချာစေရန် စီရင်ဆုံးဖြတ်ချက်/ကြားဝင်ဖြန်ဖြေပေးခြင်း/ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းရှိ အချက်အလက်များနှင့် သက်သေခံအထောက်အထားတို့အား သုံးသပ်မှုပြုရာ၌ တရားသူကြီးများ/ကြားဝင်ဖြန်ဖြေပေးသူများ/ခုံသမာဓိများမှ ကျင့်သုံးနိုင်ပါသည်။

ကျားမ ဖြစ်တည်မှုရှုထောင့်ဖြင့် တရားစီရင်ဆုံးဖြတ်ခြင်းသည် လိင် သို့မဟုတ် ကျားမဖြစ်တည်မှုကြောင့် အခွင့်အရေးများ ဆုံးရှုံးခြင်း၊ အန္တရာယ်ကြုံတွေ့နေရသူများအတွက် တရားစီရင်ရေးဆောင်ရွက်ရာတွင် တန်းတူညီ အခွင့်အလမ်းကို တန်းတူညီစွာရရှိနိုင်ရေးနှင့် ရလဒ်တူညီစွာရရှိစေရေးတို့ကို ရရှိခွင့် ဖြစ်စေပါသည်။

## တရားရေးရာ ဆုံးဖြတ်ချက်ချမှတ်ရာ၌ ကျားမဖြစ်တည်မှုရှုထောင့်အား ကျင့်သုံးခြင်းအတွက် အထွေထွေလမ်းညွှန်ချက်

၉။ သာတူညီမျှမှုမရှိသော ကျားမဖြစ်တည်မှုဆိုင်ရာ ဆက်နွယ်မှုများနှင့် စံနှုန်းများသည် လူမှုရေးရာအရ တည်ဆောက်ခဲ့ပြီးဖြစ်ကာ ၎င်းတို့အား ဥပဒေ၊ မူဝါဒနှင့် ကျင့်သုံးမှုများအားဖြင့် ပြောင်းလဲမှုပြုရပါမည်။

၁၀။ အကယ်၍ အမှုတွင်ပါဝင်ပတ်သက်သူမှ တစ်ဖက်သူသည် မတူညီသော အခွင့်အာဏာဆက်နွယ်မှု တစ်ခုရှိနေသူဖြစ်ပါက သို့မဟုတ် တစ်ဖက်သားအပေါ် လိင် သို့မဟုတ် ကျားမဖြစ်တည်မှုသည် ခွဲခြားဆက်ဆံမှု ပြုရသည့် အကြောင်းရင်းများစွာထဲမှ တစ်ခုဖြစ်နေခြင်းအပါအဝင် လိင် သို့မဟုတ် ကျားမဖြစ်တည်မှုကြောင့် မမျှတသော ဆက်ဆံမှု၊ သာတူညီမျှမှုမရှိသော ဥပဒေပိုင်းဆိုင်ရာ အကာအကွယ် သို့မဟုတ် ခွဲခြားဆက်ဆံမှုဖြင့် ဆိုးဆိုးရွားရွား ထိခိုက်ခံခဲ့ရပါက ယင်းအခြေအနေကို အဆုံးအဖြတ်ပေးရန်အတွက် တရားသူကြီးများသည် အမှုတစ်ခုစီတိုင်း၏ အချက်အလက်များနှင့် ၎င်းအချက်အလက်များ၏ ပတ်ဝန်းကျင်ရှိ အခြေအနေကို သေချာစွာ ထည့်သွင်းစဉ်းစားသင့်သည်။ တရားသူကြီးများသည် အမှုအား ဆက်လက်ကြားနာမှုနှင့် အဆုံးအဖြတ်ပေးမှုဆောင်ရွက်စဉ်တွင် ထိုကဲ့သို့သော မမျှတမှု မည်သည်ကိုမဆို အထူးတလည် သတိရှိသင့်ပါသည်

တရားသူကြီးများအနေဖြင့် လူမျိုးရေး၊ အသားရောင်၊ ဘာသာစကား၊ ဘာသာရေး၊ ယုံကြည်မှု၊ လူတန်းစား၊ အလုပ်အကိုင်၊ နိုင်ငံရေးအယူအဆ၊ နိုင်ငံသား၊ လူမှုရေးရာဇစ်မြစ်၊ မသန်စွမ်းမှု၊ အသက်၊ တည်နေရာ၊ ဒေသ၊ တိုင်းရင်းသားလူနည်းစုအုပ်စုအခြေအနေ၊ လိင်၊ ကျားမဖြစ်တည်မှု၊ လိင်စိတ်ခံယူမှု၊ လိင်ဝိသေသ သတ်မှတ်ချက်၊

သို့မဟုတ် အခြားအခြေအနေတစ်ရပ်ရပ်ကို အခြေပြုသည့် ခွဲခြားဆက်ဆံခြင်းနှင့် ဖယ်ကြဉ်ခြင်းခံရခြင်းအကြား ဆက်စပ်မှုပုံစံများကို နားလည်သဘောပေါက်သင့်ပါသည်။ ခွဲခြားဆက်ဆံခြင်းနှင့် ဖယ်ကြဉ်ခြင်းခံရခြင်းအကြား ဆက်စပ်မှုပုံစံများ ပါဝင်သည့်အမှုများအား အထူးသဖြင့် ပြန်လည်ကုစားမွမ်းမံမှုဆောင်ရွက်ချက်များ ချမှတ်ပေးရန် ရည်ရွယ်ချက်အတွက် သေချာစွာ ပြန်လည်သုံးသပ်မှု ပြုသင့်ပါသည်။

၁၁။ အမှုများအား ကြားနာခြင်းနှင့် စစ်ဆေးဆုံးဖြတ်ခြင်းဆောင်ရွက်စဉ်အခါ တရားသူကြီးများသည် ကျားမဖြစ်တည်မှုဆိုင်ရာ ပုံသေကားကျပုံစံများ အသုံးပြုခြင်းကို ရှောင်ရန်ရန် ဂရုပြုသင့်ပါသည်။

တရားသူကြီးများမှ ရှောင်ကြဉ်ရန်ဂရုစိုက်ရသင့်သည့် အချို့ယေဘုယျကျသော ပုံသေကားကျပုံစံများမှာ-

- အမျိုးသမီးများသည် ရုပ်ပိုင်းဆိုင်ရာအရ အားနည်းသည်၊
- အမျိုးသမီးများသည် မိမိတို့ကိုယ်ပိုင်ဆုံးဖြတ်ချက် မချမှတ်နိုင်ပါ၊
- အမျိုးသားများသည် အိမ်ထောင်ဦးစီးဖြစ်ပြီး မိသားစုနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များအားလုံးကို ချမှတ်ရမည်၊
- အမျိုးသမီးများသည် အလျှော့ပေးခြင်းနှင့် နာခံခြင်းရှိသင့်သည်၊
- အမျိုးသမီးကောင်းများဟူသည် လိင်ပိုင်းဆိုင်ရာ စင်ကြယ်သောသူများဖြစ်သည်၊
- အမျိုးသမီးတိုင်းသည် မိခင်တစ်ဦးဖြစ်ရန် ဆန္ဒရှိသည်၊
- အမျိုးသမီးများသည် မိမိ၏ကလေးသူငယ်များအတွက် တာဝန်ခံသူများဖြစ်သင့်သည်၊
- အမျိုးသမီးသည် ညအချိန်၌ တစ်ဦးတည်းရှိနေခြင်းနှင့် အချို့သောဝတ်စားဆင်ယင်မှုများ ဝတ်ဆင်ခြင်းသည် လက်ရောက်ကျူးလွန်တိုက်ခိုက်ခံရမှု၏ အကြောင်းရင်းဖြစ်၍ ၎င်းအတွက် တာဝန်ရှိသည်။
- အမျိုးသမီးများသည် စိတ်ထိခိုက်လွယ်ကူပြီး၊ မကြာခဏဆိုသလို လွန်လွန်ကဲကဲတုံ့ပြန်တတ်သည် သို့မဟုတ် ဇာတ်လမ်းဆန်ဆန် ချဲ့ကားဖန်တီးတတ်သည်။ ထို့ကြောင့် ၎င်းတို့၏ သက်သေခံချက်ကို အတည်ပြုရန် လိုအပ်သည်။
- လိင်ပိုင်းဆိုင်ရာပြစ်မှုများတွင် လိင်ပိုင်းဆိုင်ရာတက်ကြွမှုရှိသော အမျိုးသမီးများမှပေးသည့် သက်သေထွက်ဆိုချက် အထောက်အထားတစ်ခုဖြစ်သော "သဘောတူချက်"အား အကဲဖြတ်စဉ်အခါ မသင်္ကာဖွယ်အဖြစ် သတ်မှတ်နိုင်သည်။
- လိင်ပိုင်းဆိုင်ရာပြစ်မှုများ၌ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု၏ သက်သေအထောက်အထားမရှိခြင်းသည် သဘောတူညီချက်ပေးခဲ့ပြီးဖြစ်ကြောင်းကို ဆိုလိုသည်။

၁၂။ အမှုတစ်ခုအတွက် မည်သည့်ဥပဒေကိုကျင့်သုံးရမည်ဟူသည်အား အဆုံးအဖြတ်ပေးရာ၌ တရားသူကြီးများသည် အောက်ပါတို့ကို ဆောင်ရွက်သင့်သည်။

(က) ဥပဒေသည် ပုံသေကားချပုံစံ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး၏ အယူသည်းသောအမြင်အပေါ် အခြေပြုခြင်း ရှိမရှိကို သုံးသပ်သင့်ပါသည်။

(ခ) ဥပဒေ၏ ကျားမဖြစ်တည်မှုဆိုင်ရာ ကြားနေမှုအဆိုကိုသော်လည်းကောင်း၊ ၎င်းအားကျင့်သုံးခြင်း၏ အကျိုးဆက်များကိုသော်လည်းကောင်း သုံးသပ်သင့်ပါသည်။ ဤတွင် ဥပဒေသည် သွယ်ဝိုက်ခွဲခြားဆက်ဆံမှုနှင့် ခွဲခြားဆက်ဆံခြင်းဆိုင်ရာ ထိခိုက်မှုများသို့ ဦးတည်မှုရှိမရှိကိုလည်း သုံးသပ်သင့်သည်။

(ဂ) ခြေခြေမြစ်မြစ်ရှိသော တန်းတူညီမျှမှု၊ တန်းတူညီသောအကာအကွယ်ပေးမှုနှင့် ခွဲခြားဆက်ဆံမှု မပြုခြင်းတို့ကို အာမခံချက်ပို၍ရရှိစေသည့် ဥပဒေဆိုင်ရာ ကြောင်းကျိုးသင့်သော ဆိုလိုချက်များနှင့် အနက်ဖွင့်ဆိုချက်များကို ထည့်သွင်းစဉ်းစားပေးသင့်ပြီး၊ သင့်လျော်မှုရှိက ထိုအနက်ဖွင့်ဆိုချက်ကို အသုံးပြုသင့်သည်။

(ဃ) နိုင်ငံတကာ သဘောတူစာချုပ်များ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်ပါက ယင်းသဘောတူစာချုပ်များအား ပြည်တွင်း၌ကျင့်သုံးရန် ထည့်သွင်းစဉ်းစားသင့်ပြီး၊ ကျင့်သုံး၍ရသော ၎င်းစာချုပ်များ မည်သည်မဆိုကို ကျင့်သုံးခြင်းနှင့် လျော်ညီသည့်အနက်အဓိပ္ပာယ်ကို အတည်ပြုပေးသင့်ပါသည်။

(င) အကယ်၍ မိမိနိုင်ငံသည် CEDAW သို့မဟုတ် ICCPR ထံသို့ အဖွဲ့ဝင်ထားသည့်နိုင်ငံ မဖြစ်ပါက၊ သို့တည်းမဟုတ် အဖွဲ့ဝင်ဖြစ်နေပါသော်လည်း ပြည်တွင်းဥပဒေ၌ CEDAW သို့မဟုတ် ICCPR ကို သင့်လျော်စွာပေါင်းစပ်ထားခြင်း မရှိပါက တရားသူကြီးများအနေဖြင့် ပြည်တွင်းဥပဒေရှိ အနက်အဓိပ္ပာယ်ထွေပြားမှုများကို ဖြေရှင်းရန်သော်လည်းကောင်း၊ ပြည်တွင်းဥပဒေရှိ ကွက်လပ်များကို ဖြည့်စည်းပေးရန်သော်လည်းကောင်း ၎င်းသဘောတူစာချုပ်များနှင့် အခြားကျင့်သုံးနိုင်ဖွယ်ရှိသော နိုင်ငံတကာဥပဒေ သဘောတူစာချုပ်တို့အား အသုံးပြုနိုင်ပါသည်။ တရားသူကြီးများအနေဖြင့် မိမိတို့၏ပြည်တွင်းဥပဒေစနစ်များ၌ မတွေ့ရှိနိုင်သည့် ဤစံချိန်စံညွှန်းများအား အနက်ဖွင့်၍ရသော လမ်းညွှန်ချက်တစ်ခုအဖြစ်လည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆို၍ရသော အရင်းအမြစ်တစ်ခု အဖြစ်လည်းကောင်း အသုံးချနိုင်ပါသည်။

၁၃။ အမှုတစ်ခု၏ အဆိုးအကောင်းကို ဆုံးဖြတ်ရာတွင်ဖြစ်စေ၊ အမှုတစ်ခုသည် တရားရေးဆိုင်ရာသုံးသပ်မှု ပြုရမည်၊ မပြုရမည်ကို ဆုံးဖြတ်ရာတွင်ဖြစ်စေ တရားသူကြီးများအနေဖြင့် -

(က) နိုင်ငံတကာဥပဒေနှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပြည်တွင်းဥပဒေကို အသုံးချသင့်သည်၊

(ခ) တာဝန်ခံမှု၊ တန်းတူညီမျှမှု၊ ကမ္ဘာလုံးဆိုင်ရာအခြေခံမှု၊ စုပေါင်းမှုအားခွဲခြား၍မရခြင်း၊ တစ်ဦးအပေါ် တစ်ဦးအမှီပြုခြင်း၊ အပြန်အလှန်ဆက်နွှယ်မှုရှိခြင်းနှင့် လွှဲပြောင်း၍မရခြင်း (inalienability)တို့ဆိုင်ရာ လူ့အခွင့်အရေး အခြေခံမှုများကို ကျင့်သုံးသင့်သည်၊

(ဂ) ကျင့်သုံးခဲ့သော နိုင်ငံတကာစံချိန်စံညွှန်းများကို ဖော်ထုတ်သင့်ပြီး ၎င်းတို့အားကျင့်သုံးပုံကို ရှင်းပြပေးသင့်သည်၊

(ဃ) မမျှတသော အခွင့်အာဏာနီးနွှယ်မှု သို့မဟုတ် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ခွဲခြားဆက်ဆံမှု၊ အချက်အလက်များ သို့မဟုတ် ဥပဒေရေးရာလုပ်ငန်းစဉ်၌ တွေ့ရှိရသည့် ပုံသေကားကျပုံစံ သို့မဟုတ် ကျားမဖြစ်တည်မှုအပေါ် ဘက်လိုက်ခြင်း စသည်တို့၏ တည်ရှိမှုကို ဖော်ထုတ်ပြီး ထည့်သွင်းစဉ်းစားမှု ပြုသင့်သည်၊

(င) အမှုဖြစ်ရပ်အတွက် အချို့သောဥပဒေတစ်ရပ်ကို အဘယ်ကြောင့်ကျင့်သုံးရသည်ဟူသည့် ကြောင်းကျိုးသင့် ဖော်ပြသည့်ရှင်းပြချက်ကို ပေးသင့်သည်၊

(စ) အချို့သော စံချိန်စံညွှန်းတစ်ရပ်ကို ကျင့်သုံးခြင်းကြောင့် တရားဝင်မဟုတ်သော ကွဲပြားခြားနားစေသည့် ဆက်ဆံမှု အဘယ်ကြောင့် ဖြစ်ရသည်ဟူသည်ကို ရှင်းပြသင့်သည်၊

(ဆ) ကျားမဖြစ်တည်မှုဆိုင်ရာ စိစစ်ချက်ကို အဓိပ္ပာယ်ရှိရှိ ပေါင်းစပ်သင့်သည်၊

(ဇ) မတရားဖိနှိပ်ခံရစေခြင်းထပ်မံမဖြစ်စေရန် ဂရုပြုသင့်သည်။

၁၄။ နိုင်ငံတကာဥပဒေအောက်၌ ကျားမဖြစ်တည်မှုပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခံရမှုအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုကြောင့် ထိခိုက်ခံစားရသည့် မည်သည့်ပုဂ္ဂိုလ်မဆိုတွင် ထိခိုက်နစ်နာမှုအတွက် ထိရောက်သောကုစား မှုနှင့် ပြန်လည်ကုစားမွမ်းမံမှုရပိုင်ခွင့်ရှိသည်ကို ပြန်လည်အောက်မေ့သင့်ပါသည်။ အကယ်၍ပြန်လည်ကုစားမွမ်းမံမှု ဆောင်ရွက်ချက်များလိုအပ်ပါက တရားသူကြီးများအနေဖြင့် အောက်ပါဆောင်ရွက်ချက်မျိုးကို ကျင့်သုံးသင့်သည်။

(က) နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာဥပဒေ၏ အခြေခံမှုများနှင့် စံချိန်စံညွှန်းတို့ဖြင့် ကိုက်ညီမှုရှိသည့် ဆောင်ရွက်ချက်များ၊

(ခ) ကျားမဖြစ်တည်မှုဆိုင်ရာ ပုံသေကားကျပုံစံများမဟုတ်သည့် ဆောင်ရွက်ချက်များ၊

(ဂ) လိင် သို့မဟုတ် ကျားမဖြစ်တည်မှုအပေါ် အခြေပြုလျက် ထိခိုက်ခံရသူများအပေါ် ကျရောက်သည့် အချိုး အစားမမျှသောထိခိုက်နစ်နာမှုအတွက်ထိရောက်သောပြန်လည်ပြင်ဆင်ပေးမှုရှိသည့်ဆောင်ရွက်ချက်များ၊

(ဃ) ထိခိုက်ခံရသူများ၏ အခြေအနေနှင့်လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး၊ ဖြစ်နိုင်က ၎င်းတို့အား ထိ ရောက်သော ပါဝင်မှုရှိစေနိုင်သည့် ဆောင်ရွက်ချက်များ၊

(င) ရာဇဝတ်မှုများ၌ ပြန်လည်ထူထောင်ပေးသည့် တရားစီရင်ရေးကို လိုက်နာသည့်ဆောင်ရွက်ချက်များ၊

(စ) မမျှတသည့် အခွင့်အာဏာဆက်နွယ်မှုများနှင့် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ခွဲခြားဆက်ဆံမှုတို့ကို ဖြေရှင်း ပေးရန် ကြိုးပမ်းမှုများကို ပံ့ပိုးပေးသည့်ဆောင်ရွက်ချက်များ။

တရားသူကြီးများအနေဖြင့် တရားရုံး၌ တရားစွဲဆိုမှု၊ ဆုံးဖြတ်ချက်ချမှတ်မှု၊ ကြားဝင်ဖြန်ဖြေပေးမှုနှင့် အခြားသော တရားရုံးထုတ်ပြန်ချက်များ စသည်တို့တွင် အားလုံးပါဝင်သော(inclusive) သို့မဟုတ် ကျားမဖြစ်တည်မှု ကြားနေ ဖြစ်သော (gender-neutral)၊ ကျားမဖြစ်တည်မှု ဂရုပြုသော (gender-sensitive) ဘာသာစကားကို တတ်နိုင်သမျှ အသုံးပြုသင့်ပါသည်။

၁၅။ အိမ်တွင်းအကြမ်းဖက်မှုကြောင့် ထိခိုက်နစ်နာခဲ့ရသည့်အမျိုးသမီးများအနေဖြင့် ဥပဒေရေးရာအကူအညီ လက်လှမ်း မီရရှိနိုင်သင့်ပြီး စာရွက်စာတမ်းနှင့် အခြားဥပဒေရုံးပိုင်းဆိုင်ရာ အခကြေးများမှ ကင်းလွတ်ခွင့် ရရှိသင့်ပါသည်။

၁၆။ ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုများနှင့် လူမှုဖူလုံရေးအထောင်အပံ့တို့အပါအဝင် သင့်လျော်သော နေရာထိုင်ခင်းများ တို့အား အထူးအခြေအနေရပ်များရှိ အမျိုးသမီးများအတွက် ဥပဒေရေးရာလုပ်ငန်းစဉ်တွင် ထည့်သွင်းထားသင့် သည်။ ဆယ်ကျော်သက်အရွယ်များ၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်ဝန်သည်အမျိုးသမီး သို့မဟုတ် နို့တိုက်မိခင်များ အတွက်လည်း ပါဝင်သည်။

## တရားစီရင်ရေးကဏ္ဍ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာမူဝါဒများအတွက်ထောက်ခံအကြံပြုချက်များ

၁၇။ ကျားမဖြစ်တည်မှု ဂရုပြုခြင်း သို့မဟုတ် ကျားမဖြစ်တည်မှုအား တုံ့ပြန်ခြင်း (gender-responsive) ရှိသည့် တရား စီရင်ရေးစနစ် တိုးမြှင့်ဖော်ဆောင်ခြင်းဟူသည် အမှုများအား စီရင်ဆုံးဖြတ်ခြင်းနှင့် ဖြန်ဖြေပေးခြင်းတို့အတွက် စည်း မျဉ်းများ၌ ကျားမဖြစ်တည်မှုဆိုင်ရာ ထည့်သွင်းစဉ်းစားချက်ကို ပါဝင်စေခြင်းသာမက တရားမျှတစွာ စီရင်နိုင်ရေး၌ လည်း ပို၍ယေဘုယျကျစွာ ပါဝင်နေခြင်းကို ဆိုလိုသည်။

၁၈။ ကျားမဖြစ်တည်မှုဆိုင်ရာ တန်းတူညီမျှရေးသည် တရားစီရင်ရေးအဖွဲ့ ခန့်အပ်မှုများကို လမ်းညွှန်ပေးသည့် အခြေခံမှု တစ်ခု ဖြစ်သင့်သည်။ တရားသူကြီးအဖြစ် ခန့်အပ်ရာတွင် အမျိုးသားနှင့် အမျိုးသမီးများသည် တန်းတူညီစွာ ကိုယ်စားပြုမှုရှိရမည်။ အဘယ်ကြောင့်ဆိုသော် ၎င်းအားဖြင့် တရားစီရင်ဆုံးဖြတ်ရာ၌ ဥပဒေများအား အနက်ဖွင့်ခြင်း

နှင့် ကျင့်သုံးခြင်းတို့အပေါ် လွှမ်းမိုးမှုပြုသည့် ကွဲပြားစုံလင်သော အမြင်ရှုထောင့်များ၊ ချဉ်းကပ်မှုနည်းလမ်းများနှင့် ဘဝအတွေ့အကြုံများကို ရရှိစေမည်ဖြစ်သည်။ ထိုသို့အားဖြင့် တရားသူကြီးများ ခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းအတွက် တာဝန်ရှိသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားရေးဆိုင်ရာ အာဏာပိုင်များအနေဖြင့် ကျားမဖြစ်တည်မှု တန်းတူရည်တူခံစားခွင့်ကို ရရှိစေရန် မြန်ဆန်ထိရောက်ပြီး အပတ်တစ်ရွေ့ရွေ့ တိုးလျက်ဆောင်ရွက်သင့်ပါသည်။

၁၉။ အမျိုးသမီးတရားသူကြီးများအား မိသားစုဥပဒေ သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့ပါဝင်သည့် အမှုများအတွက်သာလျှင် တာဝန်ပေးအပ်မှု မပြုသင့်ဘဲ ၎င်းတို့၏ ဥပဒေရေးရာကျွမ်းကျင်မှု နယ်ပယ်အတွင်းရှိသည့် မည့်သည့်နယ်ပယ်အတွက်မဆို တာဝန်ပေးအပ်သင့်သည်။ အမျိုးသမီးတရားသူကြီးများအား အရည်အချင်းပြည့်မီသောသူများအဖြစ် ထားရှိသင့်ပြီး တရားစီရင်ရေးအဖွဲ့၏ မည်သည့်အဆင့်အတွက်မဆို ထည့်သွင်းစဉ်းစားပေးသင့်သည်။

၂၀။ လိုအပ်ပါက ဖြောင့်မတ်တည်ကြည်မှုနှင့် မြင့်မားသော အရည်အချင်း လိုအပ်ချက်သတ်မှတ်ချက်များနှင့် ကိုက်ညီသင့်သည့် ခွဲတမ်းများကဲ့သို့သော အပြုသဘောဆောင်သည့် ယာယီအစီအမံများကို အမျိုးသမီးများ တရားစီရင်ရေးအဖွဲ့၌ သင့်လျော်စွာ ကိုယ်စားပြုမှုရှိစေခြင်းကို သေချာစေရန် အကောင်အထည် ဖော်ဆောင်သင့်ပါသည်။ တရားသူကြီးများအား ခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ပေးခြင်းအတွက် လုပ်ထုံးလုပ်နည်းများအား သုံးသပ်မှုသည် အရည်အသွေးအခြေပြုခြင်းဖြစ်သင့်ပြီး၊ တရားစီရင်ရေးဆိုင်ရာ ခန့်အပ်မှုပြုခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းတို့၌ အမျိုးသမီးများ၏ အခွင့်အလမ်းဆုံးရှုံးမှုများ မဖြစ်စေနိုင်မည့်စည်းမျဉ်းများနှင့် ဤကဲ့သို့ဖြစ်နိုင်သည့် အခြေအနေများကို ရှောင်ရှားရန် ကျားမဖြစ်တည်မှု ရှုထောင့်တစ်ရပ်အား ထည့်သွင်းစဉ်းစားပေးသင့်သည်။

၂၁။ ရာထူးခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းတို့အတွက် သုံးသပ်မှုအဖွဲ့များကို အမျိုးသားများနှင့် အမျိုးသမီးများ ပါဝင်စေသင့်သည်။ ကျားမဖြစ်တည်မှုဆိုင်ရာ ပုံသေကားကျပုံစံများအား တရားသူကြီးများအား ရာထူးခန့်အပ်ခြင်းနှင့် ရာထူးတိုးမြှင့်ရေးတို့အတွက် ၎င်းတို့အားသုံးသပ်မှုပြုရာ၌ အကြောင်းအရင်း၊ ဖော်ထုတ်မှု သို့မဟုတ် အကြွင်းမဲ့အချက်တစ်ခုအဖြစ် မည်သည့်အခါမျှ မဖြစ်သင့်ပါ။ ကိုယ်စားလှယ်လောင်းများအား သုံးသပ်မှုပြုခြင်းအတွက် စံနှုန်းတစ်ခုကို လူ့အခွင့်အရေးနှင့် ကျားမဖြစ်တည်မှုတန်းတူညီမျှရေးအတွက် ကတိကဝတ်ပြုခြင်းအနေဖြင့် ထင်ရှားစွာဖော်ပြသင့်ပါသည်။

၂၂။ တရားသူကြီးများအားလုံးနှင့် အခြားသောတရားစီရင်ရေးကဏ္ဍ၏ ဝန်ထမ်းများသည် သာတူညီမျှသော လုပ်အားတန်ဖိုးအတွက် တူညီသော အခကြေးရရှိသင့်သည်။

၂၃။ ယေဘုယျအားဖြင့် တရားသူကြီးများနှင့် တရားစီရင်ရေးဆိုင်ရာ ဝန်ထမ်းများအားလုံးသည် ၎င်းတို့၏ နေ့စဉ်လုပ်ငန်း၌ ကျားမဖြစ်တည်မှုရှုထောင့်တစ်ရပ်ကိုကျင့်သုံးရန် သင့်လျော်စွာ လေ့ကျင့်သင်ကြားမှုရရှိသင့်သည်။ တရားစီရင်ရေးဆိုင်ရာလေ့ကျင့်ရေးသင်တန်းဆိုင်ရာအင်စတီကျူးရှင်းများ၌ ကျားမဖြစ်တည်မှုကို လုပ်ဆောင်မှုတိုင်းတွင် ပါဝင်စေခြင်းဆိုင်ရာဘာသာရပ်များနှင့် အမျိုးသမီးများ၏ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များကို ထည့်သွင်းသင့်သည်။

၂၄။ တရားမျှတစွာစီရင်နိုင်ရေး၌ ကျားမဖြစ်တည်ရေးဆိုင်ရာ ရှုထောင့်တစ်ရပ်အားပါဝင်စေခြင်းနှင့် အတည်တကျပြဋ္ဌာန်းခြင်းကို ထိထိရောက်ရောက် တိုးမြှင့်ရေးအတွက် တရားစီရင်ရေးအဖွဲ့၌ ကျားမဖြစ်တည်မှုဆိုင်ရာရုံး၊ ယူနစ် သို့မဟုတ် လုပ်ငန်းအဖွဲ့တစ်ခုကိုဖွဲ့စည်းရန်နှင့် ၎င်းအားလိုက်နာမှုကို စောင့်ကြည့်လေ့လာမှုပြုရန် အကြံပြုအပ်ပါသည်။

၂၅။ တရားသူကြီးတစ်ဦးချင်းစီ၏ ကျားမဖြစ်တည်မှုအား ဂရုပြုခြင်းနှင့် ကျားမဖြစ်တည်မှုဆိုင်ရာ တန်းတူညီမျှမှုအတွက် ထားရှိသည့် ကတိကဝတ်သည် အခြားသောတရားသူကြီးများအား ယေဘုယျအားဖြင့် တရားမမှုကို လိုက်နာစေရန်

နှင့် စိတ်ဓာတ်မြှင့်တင်ရေးကို အားပေးရန်အတွက် အသိအမှတ်ပြုခြင်း၊ အတည်ပြုထောက်ခံ ပေးခြင်းရရှိသင့်ပါသည်။

၂၆။ တရားစီရင်ရေးအဖွဲ့သည် အထက်ဖော်ပြပါအထွေထွေလမ်းညွှန်ချက်အား အကောင်အထည်ဖော်ဆောင်မှု အမှန်တကယ်ရှိစေရန် အခြားသောအစိုးရဌာနများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းအား ထုတ်ပေးသင့်ပါသည်။




























WIFI PASSWORD
=RDSSEV16















**International Commission of Jurists**

10/1 Soi Aree 2
Phaholyothin Road
Samsennai, Phayathai
Bangkok 10400
Thailand

**t** +66 2 61 98 477/478
**f** +66 2 61 98 479
www.icj.org